ကျော်ဝင်း

# စာအုပ်များ

# နှင့်

# ထင်မြင်ချက်များ



# စာရေးသူ၏ အမှာ

၁။'ခင်ဗျား အင်တာဗျူးတွေ မလုပ်နဲ့ တော့ဗျာ"ဟု စာရေးသူ၏ ရင်းနှီးသော မိတ်ဆွေ တစ်ဦးက အကြံပြုဖူးသည် ။ စာရေးသူ၏ အပြောအဆိုများကြောင့် မိတ်ဆွေ(ဟောင်း)အချို့ အတော် မကျေမနပ် ဖြစ်နေကြကြောင်း သူက ပြောပြသည် ။ မိတ်ဆွေ၏ ရည်ရွယ်ချက်မှာ အချင်းချင်း ပြဿနာ မဖြစ်စေချင်သောကြောင့် ဖြစ်ပါလိမ့်မည်။ အမှန်စင်စစ် စာရေးသူ ရေးနေပြောနေသည် မှာ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ပုဂ္ဂိုလ်ရေးအရ ထိခိုက်နစ်နာစေလို၍ မဟုတ်သည် မှာ သေချာပါ သည် ။ မိမိဖတ်ရ မှတ်ရသမျှ အတွေးသစ်၊ အမြင်သစ်များ ဖြင့် မိမိ၏ အခုအခံ အစွဲအလမ်းဟောင်းများကို Shock ရိုက်ကြည့်ခြင်းသာ ဖြစ်သည် ။ ဤအတွက် မိတ်ဆွေ (ဟောင်း)အချို့ကို ထိခိုက်စေသည် ဆိုငြားအံ့။ စာရေးသူ မတောင်းပန်နိုင်ပါ။ လုပ်သင့်လုပ်ထိုက်သည် ဟု မိမိယုံကြည်သည် ကို တစ်စိုက်မတ်မတ် ဆက်လုပ်မည်သာ ဖြစ်ပါသည် ။ သို့အတွက် ဆိုခဲ့ပါ မိတ်ဆွေ၏ စေတနာကို နားလည်သည့် တိုင် သူ့အကြံပေးချက်ကို ဝမ်းနည်းစွာ ငြင်းပယ်လိုက်ရပါသည် ။

၂။အဆိုပါ ဆုံးဖြတ်ချက်နှင့် ဆိုခဲ့ပါ စိတ်အခံကြောင့် ပင် ကဗျာဆရာ(ကို) စိုင်းဝင်းမြင့် (ကျော်မွှေးစာပေ)က စာရေးသူ၏ အင်တာဗျူးများကို စုစည်းထုတ်ဝေလိုသည် ဟု အဆိုပြုလာသော အခါ

စာရေးသူအလွယ်တကူ ခေါင်းညိတ်လက်ခံလိုက်ခြင်း ဖြစ်ပါသည် ။ ယခုအခါ စာရေးသူ ဖြေကြားခဲ့ပြီးသော အင်တာဗျူး(၉)ခုလုံးကို စုစည်းပေးလိုက်ပါသည် ။ အင်တာဗျူး ၁-၂ နှင့် ၅ တို့ မှာ လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေပြီးဖြစ်သော်လည်း ယခုအခါ စာအုပ်ရှာမရတော့ပြီဖြစ်၍ အားလုံးကို တစ်စုတစ်စည်းတည်း ဖော်ပြလိုက်ပါသည် ။ ဤသို့ ပြန်လည်စုစည်းရာတွင် တစ်လုံးတစ်ပါဒမျှ ပြင်ဆင် ဖြည့်စွက်ခြင်းမလုပ်ဘဲ အရင်းအတိုင်း လွှတ်ထားလိုက်ပါသည် ။ စာရေးသူဘက်မှ အထွေအထူး ပြင်ဆင်စရာ မရှိသောကြောင့် ဖြစ်သည် ။ စာဖတ်သူများကို မေတ္တာရပ်ခံလိုသည် မှာ မူလ အင်တာဗျူးစဉ်က နေ့စွဲနှင့် တိုက်ဆိုင်ဖတ်ကြဖို့ ဖြစ်ပါသည် ။

၃။စာရေးသူ၏ ပထမဆုံး အင်တာဗျူးစာအုပ်(၂၀၀၄၊ ဖေဖော်ဝါရီလက The Couple မှ ထုတ်ဝေဖြန့်ချိခဲ့)အမှာ တွင် ယခုလို ရေးခဲ့ဖူးပါသည် ။ "စာဖတ်သူအတွက် ကျွန်တော် ပေးနိုင်သည် မှာ 'ရိုးသားမှု'မှ လွဲ၍ ဘာမှ မရှိ"။ ယခုအမှာ စာကိုလည်း ဤစကားဖြင့်ပင် နိဂုံးချုပ်လိုက်ပါသည် ။

**ရိုးသားစွာဖြင့်**
**ကျော်ဝင်း**
**၂-၃-၂၀၀၈**
***